The Arakan International

နိုင်ငံတကာရေးရာရက်ခွိုင်သတင်းစဉ်

# ဘဏ်သုံးဝေါဟာရများ

Interest (အိန်ထရက်စ်ထ်) **အတိုး။ ဘဏ်တိုး။** Interest (အတိုး) နှစ်မျိုးဟိပါသည်။ မိမိက ဖေသာချီးသောအခါ မိမိက ဘဏ်သို့ပီးရသော အတိုးနှုန်းဖြစ်၍ မိမိမှ ဘဏ်တွင်သွင်းထားသောဖေသာ ဟိနိန်သည့်အခါ ဘဏ်မှရသည့်အတိုး ဟူ၍ဖြစ်သည်။ တခါတလီတွင် Annual Percentage Rate (APR) ဟုဖေါ်ပြပြီးယင်းမှာလည်း တစ်နှစ်အတွင်း တိုးနိူင်သည့်အတိုးနှုန်းထားကို ဆိုလိုခြင်းဖြစ်ပါသည်။

PIN (ဖိန်) PIN သည် Personal Identification Number ၏ အတိုကောက်စာလုံးဖြစ်သည်။ PIN ကို ဆီလျှော်အောင် ဘာသာပြန်ဆိုပါက **ငွီကြီးကိစ္စများလုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာလူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မိမိစိတ်ကြိုက်ရွီးချယ်၊ သတ်မှတ်ထားဟိသည့် လျှို့ဝှက်နံပါတ်** ဟုဆိုရပါမည်။ ဥပမာ ဘဏ်ကဒ် (သို့မဟုတ်) အေတီအမ် (သို့မဟုတ်) Link ကဒ်တစ်ခုခုမှ ဖေသာထုတ်ချင်လျှင် ကဒ်ကိုသက်ဆိုင်ရာစက်ထဲသို့ ထိုးပြီးလျှင်ပြီးချင်း PIN နံပါတ်ကိုနှိပ်လျှက် ငွီထုတ်သူသည် သက်ဆိုင်ရာဘဏ်ကဒ်ပိုင်သျှင် ဟုတ် မဟုတ် (သို့မဟုတ်) သက်ဆိုင်ရာ လျှို့ဝှက်နံပါတ်ကိုသိဟိလျှက် ဖေသာရယူသင့်သူ ဟုတ် မဟုတ် ကို စက်မှစစ်ဆေးအတည်ပြုခြင်းပင်ဖြစ်ပါသည်။ သင့်ဘဏ်ကဒ် (သို့မဟုတ်) အေတီအမ်ကဒ် (သို့မဟုတ်) Link ကဒ်၏ PIN နံပါတ်အား အခြားသူတစ်စုံတစ်ဦးမှ သိဟိထားသည်ဟု ယုံကြည်ဖြစ်ပါက သင့်ကဒ်၏ PIN နံပါတ်အားပြောင်းလဲပစ်ရန် လိုအပ်ပါသည်။

Statement (စတိတ်မန့်ထ်) ပုံမှန် (သို့မဟုတ်) အခါအားလျှော်စွာ ဘဏ်မှထုတ်ပြန်ပီးပို့သည့် **ငွီသွင်း/ ငွီထုတ် မှတ်ပုံတင်မှတ်တမ်း။** ဘဏ် Statement များတွင်ဘဏ်စာရင်း (ဘဏ်အကောင့်) ထဲသို့မည်သည့်နို့ရက်ကမည်သည့်ငွီကြီးပမာဏကိုထည့်သွင်းသည်ကိုလည်းကောင်း၊ မည်သည့်နိရက်က မည်သည့်ပမာဏငွီကြီးအား ထုတ်ယူလားသည်များကိုလည်းကောင်း၊ ဘဏ်တွင်လက်ကျန် (သို့မဟုတ်) လက်ဟိဖြစ်တည်နိန်သည့် ငွီကြီးအတိုင်းအတာ၊ အခြေအနေများကိုတိကျစွာဖေါ်ပြထားလေ့ဟိပါသည်။

Withdrawal (ဝိသ်ဒရောလ်) **ဖေသာထုတ်သည်။ ဖေသာထုတ်ယူခြင်း။** ဘဏ်အကောင့်တခုခုမှ ဖေသာပမာဏတစ်စုံတစ်ရာထုတ်ယူခြင်းကို Withdrawal လုပ်သည်ဟုခေါ်ပါသည်။

Transaction (ထရန်ဇက်သျှန်း) **ဘဏ်အကောင့်တစ်ခုခုသို့ ဖေသာထည့်သွင်းခြင်း (သို့မဟုတ်) ဘဏ်အကောင့်တစ်ခုခုမှ ဖေသာထုတ်ယူခြင်းဖြစ်စဉ်** များကို Transaction ဟုခေါ်သည်။ ထိုကြောင့် Deposit လုပ်သည်ဖြစ်စီ၊ Transfer လုပ်သည်ဖြစ်စီ၊ Withdrawal လုပ်သည်ဖြစ်စီ၊ ယင်းဖြစ်စဉ်အားလုံး၊ လုပ်ငန်းဆောင်တာအားလုံးကို Transaction ဟုခေါ်ပါသည်။

**ကျေးဇူးတင်ပါသည်။ အားလုံး ကျကျန်းမမာ ချချမ်းသသာ ဟိကတ်ပါစီ။ ။**